## **စစ်ဆေးရေးမှူး (Inspector) တစ်ဦး ဖြစ်ရန် အရည်အချင်းသတ်မှတ်ချက်များ**

ACC မှ စစ်ဆေးရေးမှူး အသိအမှတ်ပြု လက်မှတ် (Inspector Accreditation Certificate) ရရှိရန် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိသူ သို့မဟုတ် သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်း အလိုက် Diploma အဆင့် အသိအမှတ်ပြုလက်မှတ်ရရှိသူဖြစ်ရမည်။

(ခ) သက်ဆိုင်ရာ အလုပ်အကိုင်များအလိုက် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁၀) နှစ် သို့မဟုတ် သင့်တော်သည့် လုပ်ရည်ကိုင်ရည်နှင့် အတွေ့အကြုံရှိကြောင်း သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းကဏ္ဍကော်မတီမှ ထောက်ခံခြင်းခံရသူ ဖြစ်ရမည်။

(ဂ) ACC မှသတ်မှတ်ထားသော စောင့်ထိန်းရမည့် စစ်ဆေးရေးမှူး ကျင့်ဝတ်အား လိုက်နာနိုင်သူဖြစ်ရမည်။

(ဃ) အရည်အသွေးစီမံခန့်ခွဲမှုစနစ် (Quality Management System) နှင့်ပတ်သက်၍ ဗဟုသုတ၊ အတွေ့အကြုံတို့ရှိရမည်ဖြစ်ပြီး၊NSSA ကျွမ်းကျင်မှုလက်မှတ် ထုတ်ပေး ရေး လုပ်ငန်းအစီအစဉ်များကိုလည်း သိရှိနားလည်သူ ဖြစ်ရမည်။

(င) အကဲဖြတ်စစ်ဆေးရေးဌာနများကို စစ်ဆေးရန် အဖွဲ့ဝင်တစ်ဦး အဖြစ် တာဝန် ပေးပါက သတ်မှတ်အချိန် ကာလအတွင်း စစ်ဆေးမှုများကို ညှိနှိုင်းဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(စ)NSSA မှ ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများနှင့် မွမ်းမံသင်တန်းများသို့ တက်ရောက်နိုင်သူဖြစ်ရမည်။

**မှတ်ချက်။ အထက်ဖော်ပြပါ အရည်အချင်းများနှင့် ကိုက်ညီပြီး ACC သို့ Inspector Accreditation လက်မှတ်ရရှိရန် လျှောက်ထား အသိအမှတ်ပြုလက်မှတ် ရရှိပြီးသူဖြစ်ရမည်။**